၂၀၀၈ ခုနှစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံ ဥပဒေပုဒ်မ ၃၈၉ အရ နိုင်ငံသားတိုင်းသည် ဥပဒေအရ ပေးဆောင်ရမည့် အခွန်အကောက်များကိုပေးဆောင်ရန် တာဝန်ရှိသည်။

ပတခ(ဝင)-၁။

## ဝင်ငွေခွန်ဥပဒေပုဒ်မ ၁၇(က)၊ သို့မဟုတ် ၁၇(ခ) အရ ပေးပို့ရမည့် ဝင်ငွေကြေညာလွှာ

အမည် ____________________

အလုပ်အကိုင်၊ သို့မဟုတ်၊ လုပ်ငန်း ____________________

လိပ်စာအပြည့်အစုံ ____________________

၁။ ၁-၄- မှ ၃၁-၃- အထိ၊ ကာလအတွင်း ရရှိသည့် ဝင်ငွေစာရင်း။

| ဝင်ငွေခေါင်းစဉ် | | ဝင်ငွေ ကျပ် | ဝင်ငွေ ပြား |
|---|---|---|---|
| **အပိုင်း(က)** | ။ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအတွင်းရရှိသည့် ဝင်ငွေ | | |
| (၁) | လစာ . . . | | |
| (၂) | အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်းမှဝင်ငွေ | | |
| (၃) | စီးပွားရေးလုပ်ငန်းမှ ဝင်ငွေ . . . | | |
| (၄) | ပစ္စည်းမှ ဝင်ငွေ . . . | | |
| (၅) | အခြေပစ္စည်းမှ မြတ်စွန်းငွေ | | |
| (၆) | စည်းကြပ်မှုမှ လွတ်ကင်းနေသောဝင်ငွေ | | |
| (၇) | အခြားရလမ်းများမှ ဝင်ငွေ | | |
| | အပိုင်း(က)အတွက် စုစုပေါင်း | | |
| **အပိုင်း(ခ)** | ။အပိုင်း(က)တွင် မပါဝင်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံပြင်ပတွင်ရရှိသည့် ဝင်ငွေနှင့် မြတ်စွန်းငွေ။ | | |
| | အပိုင်း(ခ)အတွက် စုစုပေါင်း . . . | | |

၂။ (က) ဝင်ငွေနှစ်အတွင်း ပေးသွင်းပြီးသည့် ဝင်ငွေခွန် ....................

( ခ ) ဝင်ငွေနှစ်အတွင်း ပေးသွင်းပြီးသည့် အသက်အာမခံပရီမီယံငွေ .........

( ဂ ) ဝင်ငွေနှစ်အတွင်း ပေးသွင်းပြီးသည့် ပြည်ထောင်စုအစိုးရအသိအမှတ်ပြုစုဆောင်းငွေ ..............................

၃။ ၃၁-၃- နေ့ ကုန်ဆုံးသောနှစ်အတွင်း မိမိနှင့်အတူနေသည့် သို့မဟုတ် မိမိကစရိတ် ထောက်ပံ့ထားသည့် အိမ်ထောင်ဖက် . . . . . . . . . . . သည် အဆိုပါ နှစ်အတွင်း ဝင်ငွေခွန်ထိုက်သင့်သည့် ဝင်ငွေရရှိသူ မဟုတ်ပါ။

၄။ မိမိနှင့်အတူနေပြီး မိမိကစရိတ် ထောက်ပံ့ ထားရသော အမိ သို့မဟုတ် အဖ သို့မဟုတ် အမိနှင့်အဖရှိပါသည်။

၅။ ၃၁-၃- နေ့ ကုန်ဆုံးသော နှစ်အတွင်း မိမိကထောက်ပံ့ထားရသည့် သားသမီးများ (လင်ပါ၊ မယားပါ သားသမီးနှင့် ဥပဒေတစ်ခုခုနှင့်အညီ မွေးစားသည့် သားသမီးအပါအဝင်) များမှာ အောက်ပါ အတိုင်း ဖြစ်ပါသည် -

| အမှတ်စဥ် | အမည် | မွေးနေ့သက္ကရာဇ် | ကျောင်းအမည် | အိမ်ထောင် ရှိ/မရှိ | ဝင်ငွေခွန် စည်းကြပ်ထိုက်သည့် ဝင်ငွေ ရှိ/မရှိ |
|---|---|---|---|---|---|
| | | | | | |

<u>ဝန်ခံချက်များ</u>

၁။ အထက်တွင် ဖော်ပြထားချက်များသည် ကျွန်ုပ်ယုံကြည်သိရှိသမျှ မှန်ကန်ပြည့်စုံသည့်အပြင် ၁-၄- မှ ၃၁-၃- အထိ ကာလအတွင်း * ကျွန်ုပ် / ကျွန်ုပ်တို့၏ပုဂ္ဂိုလ်စုတွင် အခြားဝင်ငွေ တစ်စုံတစ်ရာ ရရှိခဲ့ခြင်း မရှိပါကြောင်း ဝန်ခံလက်မှတ်ရေးထိုးပါသည်။

၂။ (က) ကျွန်ုပ်သည် အဆိုပါ ၁-၄- မှ ၃၁-၃- အထိ ကာလအတွင်း မြန်မာနိုင်ငံ ပြင်ပ၌ * မနေထိုင်ခဲ့ပါ / နေထိုင်ခဲ့ပါသည်။

(ခ) ကျွန်ုပ်တို့၏ ပုဂ္ဂိုလ်စုဝင်( )ဦးအနက် ( )သည် အဆိုပါ ၁-၄- မှ ၃၁-၃- ထိ ကာလအတွင်း မြန်မာနိုင်ငံပြင်ပ၌ နေထိုင်ခဲ့ပါသည်။

(ဂ) ကျွန်ုပ်တို့၏ ကုမ္ပဏီတွင် နိုင်ငံခြားသားအစုရှင်များ * မပါဝင်ပါ / ပါဝင်ပါသည်။

အခွန်ထမ်း၏ လက်မှတ် ------------------------------------

နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်/ -----------------------------------

နိုင်ငံခြားသားမှတ်ပုံတင်အမှတ် -----------------------------------

အလုပ်အကိုင်/ -----------------------------------

နေ့စွဲ -----------------------------------

***မလိုသည်ကို ဖျက်ပါ**

**မှတ်ချက်။** ။ဝင်ငွေကြေညာလွှာတွင် ဖော်ပြထားသည့် ဝင်ငွေနှင့် ဝန်ခံချက်များကို အောက်ဖော်ပြပါ ပုဂ္ဂိုလ်များက လက်မှတ်ရေးထိုးရမည် -

(က) တစ်ဦးချင်း ပုဂ္ဂိုလ်ဖြစ်လျှင် ထိုတစ်ဦးချင်း ပုဂ္ဂိုလ်ကိုယ်တိုင်၊

(ခ) ပုဂ္ဂိုလ်စုဖြစ်လျှင် -

(၁) သမဝါယမအသင်းဖြစ်ပါက ထိုအသင်း၏ ဥက္ကဋ္ဌ သို့မဟုတ် အတွင်းရေးမှူး၊

(၂) ကုမ္ပဏီဖြစ်ပါက ထိုကုမ္ပဏီ၏ ကိုယ်စားလှယ်၊ အတွင်းရေးမှူး၊ အထွေထွေ မန်နေဂျာ သို့မဟုတ် မန်နေဂျာ၊

(၃) အခြားပုဂ္ဂိုလ်စုဖြစ်ပါက ထိုပုဂ္ဂိုလ်စုတွင် ပါဝင်သူ တစ်ဦးဦးကိုယ်တိုင်၊

(ဂ) **နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းဖြစ်ပါက** စီမံခန့်ခွဲရေးဆိုင်ရာ ၊ ငွေစာရင်းဆိုင်ရာ သို့မဟုတ် ဘဏ္ဍာရေးဆိုင်ရာအကြီးအကဲ။

## ရှင်းလင်းချက်

## အပိုင်း (က)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတွင် ရရှိသောဝင်ငွေကိုသာလျှင် ဤအပိုင်း၌ ဖော်ပြရမည်။

(၁) **လစာ** ။ ။ လစာဟူသည့်ပဒေါင်းစဉ်ဖြင့် ဖော်ပြရမည့်ငွေတွင် သက်ဆိုင်ရာ ဝင်ငွေနှစ်အတွက် အလုပ်ရှင်ထံမှ ရရှိသည့် သို့မဟုတ် ရရန်ရှိသည့် လစာ၊ လုပ်ခ၊ ပင်စင်လစာ၊ ဆုငွေ၊ အခကြေးငွေ၊ ကော်မရှင် အကျိုးခံစားခွင့်များလည်း ပါဝင်ပါသည်။ (နိုင်ငံတော်ဝန်ထမ်း အငြိမ်းစားယူသည့် အခါ ရရှိသည့် ပင်စင် ဂရုဏာကြေးမပါဝင်ပါ။

(၂) **အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်းမှ ဝင်ငွေ။** ။ အောက်ပုဒ်မခွဲစာပိုဒ်ခွဲ(၃) တွင် ဖော်ပြထားသည့် ညွှန်ပြချက်များသည် အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်းမှ ဝင်ငွေရရှိသော အခွန်ထမ်းများနှင့်လည်း ထပ်တူထပ်မျှ သက်ဆိုင်ပါသည်။

(၃) **စီးပွားရေးလုပ်ငန်းမှ ဝင်ငွေ။** ။ အခွန်ထမ်း၏ စီးပွားရေးလုပ်ငန်းနှင့် စပ်လျဉ်း၍ ကုန်ထုတ်လုပ်မှုစာရင်း၊ ကုန်သွယ်မှုစာရင်း၊ အရှုံးအမြတ်စာရင်းနှင့် လက်ကျန်ရှင်းတမ်း အပါအဝင်ဖြစ်သည့် သက်ဆိုင်ရာနှစ်အတွက် စာရင်းရှင်းတမ်း တစ်စောင်ကို ဤဝင်ငွေကြေညာလွှာနှင့် ပူးတွဲပေးပို့ရန် လိုအပ်သည်။ အခွန်ထမ်း ပိုင်ဆိုင်၍ လုပ်ငန်းအတွက်လည်း အသုံးပြုသည့် မ-တည်အပိုင်ပစ္စည်းများအတွက် တန်ဖိုးလျော့ငွေကို တောင်းခံနိုင်ခွင့်ရှိသည် ဖြစ်ရာ အဆိုပါ မ-တည်အပိုင် ပစ္စည်းများနှင့် စပ်လျဉ်းသည့် အချက်အလက်များကို ပြဋ္ဌာန်းထားသည့် ပုံစံတွင် ဖြည့်စွက် ဖော်ပြရပါမည်။

(၄) **ပစ္စည်းမှ ဝင်ငွေ။** ။အမှန်ရရန်ရှိသော ငှားရမ်းခကို အခြေပြု၍ ဝင်ငွေကို တွက်ချက်ရပါမည်။

(၅) **အခြေပစ္စည်းမှမြတ်စွန်းငွေ။** ။မြေ၊ အဆောက်အအုံ၊ လုပ်ငန်းဆိုင်ရာ မ-တည်ပစ္စည်းနှင့် ယာဉ်၊ အစုရှယ်ယာနှင့် ကတိခံဝန်ချုပ် တို့အပြင် ယင်းတို့ကဲ့သို့သော အလားတူစာချုပ်စာတမ်းများတို့ကို ရောင်းချခြင်း၊ လဲလှယ်ခြင်း၊ စွန့်လွှတ်ခြင်း၊ သို့မဟုတ် အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းပေးခြင်းပြုရာမှ ပေါ်ပေါက်သည့် အမြတ်အစွန်း၊ သို့မဟုတ် အကျိုးအမြတ်များကို ဤခေါင်းစဉ်ဖြင့် ဖော်ပြရပါမည်။

(၆) **စည်းကြပ်မှုမှ လွတ်ကင်းနေသော ဝင်ငွေ။** ။ မည်ကဲ့သို့ ရရှိခဲ့သည်ကို အတိအကျ မဖြေရှင်းနိုင်သည့် မရွှေ့မပြောင်းနိုင်သောပစ္စည်း သို့မဟုတ် ငွေအပါအဝင် ဖြစ်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း တစ်ရပ်ရပ်အတွက် ဝင်ငွေရလမ်း မဖော်ပြ နိုင်သောငွေကို ဤခေါင်းစဉ်ဖြင့် ဖော်ပြရပါမည်။

(၇) **အခြားရလမ်းများမှ ဝင်ငွေ။** ။ အထက်ဖော်ပြပါ ဝင်ငွေခေါင်းစဉ်များနှင့် အကျုံးမဝင်သောဝင်ငွေအရပ်ရပ်ကို ဤခေါင်းစဉ်ဖြင့် ဖော်ပြရပါမည်။

**အပိုင်း(ခ)**

**ပြည်ပနေ နိုင်ငံသားများမှအပ ကျန်အခွန်ထမ်းများက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ပြင်ပတွင် ရရှိဖြစ်ထွန်းပေါ်ပေါက်သည့်ဝင်ငွေ၊ အမြတ်အစွန်းနှင့် ကျိုးအမြတ်များကို ဖော်ပြရန် ဖြစ်ပါသည်။**

**ပေးသွင်းငွေများ**

(က) ဝင်ငွေနှစ်အတွင်း ပေးသွင်းပြီးသည့် ဝင်ငွေခွန်တွင် ဝင်ငွေနှစ်အတွင်း အခွန်ထမ်းက ခန့်မှန်း ပေးသွင်းသော ဝင်ငွေခွန်၊ ဝင်ငွေနှစ်အတွင်း စည်းကြပ်ခြင်းကြောင့် ပေးသွင်းခဲ့သည့် ဝင်ငွေခွန် နှင့် လစာ သို့မဟုတ် ရငွေတစ်ရပ်ရပ်မှ နုတ်ယူပေးသွင်းခဲ့သော ဝင်ငွေခွန်တို့ကို ဖော်ပြရပါမည်။

(ခ) ဝင်ငွေနှစ်အတွင်း ပေးသွင်းပြီးသည့် အသက်အာမခံပရီမီယံငွေတွင် အခွန်ထမ်း နှင့် ယင်း၏ အိမ်ထောင်ဖက်၏ အသက်အာမခံအတွက်ပေးရသော ပရီမီယံငွေကို ဖော်ပြရပါမည်။

ရုံးတံဆိပ်

---

**လက်ခံဖြတ်ပိုင်း**

၂၀ -၂၀ စည်းကြပ်နှစ်များအတွက် အခွန်ထမ်း (အမည် ________________ ၊ နေရပ်လိပ်စာ ________________________________ )က တင်သွင်းသော ဝင်ငွေကြေညာလွှာ တစ်စောင်ကို လက်ခံရရှိပါသည်။

နေ့စွဲ ____________ ____________________

____________________ မြို့နယ်